# Message Seven
# **တက်ကြွခြင်းကို သိကျွမ်းခြင်း**

ဖတ်ရန်ကျမ်း။ ။ တ၂း၃၆။ ဟေဗြဲ၂း၉။ ၄း၁၄-၁၅။၇း၂၆။ ၁၂း၂။ ဧ၁း၁၉-၂၃။ ၂း၆

**I. လူသား-ကယ်တင်ရှင်၏ တက်ကြွခြင်းသည် ဖန်ဆင်းခြင်း၊ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်တို့မှတဆင့် ဘုရားသခင်နှင့်လူအဖြစ်လည်းကောင်း၊ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံအဖြစ်လည်းကောင်း၊ ရွေးနုတ်ရှင်၊ ကယ်တင်ရှင်နှင့် အသက်ပေးသောဝိညာဉ်တော်အဖြစ်လည်းကောင်း ဘုရားသခင်၏ စီမံခန့်ခွဲခြင်းကို စီရင်ဆောင်ရွက်ရန်နှင့် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ရန် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ ရုံးဌာနအထဲသို့ ကိုယ်တော်၏ ရာထူးအပ်နှင်းခံရခြင်း ဖြစ်သည်။**

**II. ကျွန်ုပ်တို့သည် သခင်ဘုရားတက်ကြွခြင်း၏ အပြင်ပိုင်းသွင်ပြင်ကို မြင်ရန် လိုအပ်သည်။**

A. သခင်ဘုရား၏ တက်ကြွခြင်းက ကိုယ်တော်အား ဘုန်းတော်နှင့် ဂုဏ်အသရေဖြင့် သရဖူတင်ခြင်းကို ဖြစ်စေသည် - ဟေဗြဲ၊ ၂း၉။

1. ဘုန်းတော်သည် ယေရှု၏ပုဂ္ဂိုလ်နှင့်ဆက်နွယ်သည့် ဘုန်းအသရေဖြစ်ပြီး၊ ဂုဏ်အသရေသည် ယေရှု၏ အဖိုးထိုက်တန်ခြင်းနှင့် ဆက်နွယ်သည့် တန်ဖိုးရှိခြင်း ဖြစ်သည် - ၁ပေ၊၂း၇။
2. ခရစ်တော်သည် အဆင့်အနေအထား၌ ဘုန်းထင်ရှားပြီး၊ ရာထူးအဆင့်၌ ဂုဏ်အသရေ ကြီးမြတ်လှသည်။ ကိုယ်တော်သည် ရှင်ဘုရင်များနှင့် အစိုးရသူများအားလုံးအထက်တွင် ရှိသည်။ ဤသည်မှာ ကိုယ်တော်၏ ဂုဏ်အသရေဖြစ်သည်။

B. သခင်ဘုရား၏တက်ကြွခြင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအတွက် ကိုယ်တော်ကို ပလ္လင်ပေါ် ထိုင်စေရန် ဖြစ်စေသည်။ ဟေဗြဲ၁၂း၂ တွင် ခရစ်တော်သည် ယခုတွင် ဘုရားသခင့် ပလ္လင်တော်၏ လက်ယာတော်ဘက်၌ ထိုင်နေတော်မူကြောင်း ပြောထားသည်။

1. ခရစ်တော်၌ ဘုရားသခင်သည် ပလ္လင်တော်ပေါ် ထိုင်နေခြင်းအချက်မှာ ဘုရားသခင်သည် ခရစ်တော်အတွင်းမှ၊ ခရစ်တော်မှတဆင့် စကြဝဠာတစ်ခုလုံးကို စီမံခန့်ခွဲနေကြောင်း ဆိုလိုသည်၊ ယင်းမှာ အလင်းသည် မီးခွက်အတွင်းမှ၊ မီးခွက်မှတဆင့် ထွန်းလင်းသကဲ့သို့ ဖြစ်သည် - ဗျာ၊၂၂း၁၊ ၃။ ညွှန်း၊ ၂၁း၂၃။
2. ခရစ်တော်သည် ယခုတွင် စကြဝဠာတစ်ခုလုံးကို စီမံခန့်ခွဲရန် ပလ္လင်တော်ပေါ် ရှိနေသည်။ ကိုယ်တော်သည် တုနှိုင်းရာမဲ့ စီမံခန့်ခွဲသူ၊ ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏ သခင် ဖြစ်တော်မူသည်။ ကိုယ်တော်သည် မြေကြီးပေါ် ရှိ ရှင်ဘုရင်များ၏ အစိုးရသူ ဖြစ်တော်မူသည် - ၁း၅။ ၁၇း၁၄။ ၁၉း၁၆။
3. ကိုယ်တော်၏ စီမံခန့်ခွဲခြင်းသည် စကြဝဠာနှင့်ဆက်နွယ်နေပြီး၊ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းကို ကိုယ်တော်၏ သယ်ဆောင်ခြင်းမှာမူ အသင်းတော်တည်းဟူသော ကိုယ်တော်၏

ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် ကိုယ်တော်၏ပုံတူ မူပွားအတွက် ကိုယ်တော်ကိုယ်တိုင်ကို တိုးပွားပျံ့နှံ့စေခြင်းအဖို့ ဖြစ်သည် - ညွှန်း၊ တ၊၅း၃၁။

C. "လက်ဝါးကပ်တိုင်မှာ သင်တို့ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် သခင်အရာ၌ လည်းကောင်း၊ ခရစ်တော်အရာ၌ လည်းကောင်း၊ ခန့်ထားတော်မူသည်ကို အစ္စရေးအိမ်သား အပေါင်းတို့ အတပ်အမှန် သိမှတ်ကြလော့" (၂း၃၆) ဤကျမ်းပိုဒ်ရှိ *ခန့်ထား* ဟူသောစကားလုံးမှာ "ရာထူးအပ်နှင်းခြင်း"ဟု ဆိုလိုကြောင်း သိနားလည်နိုင်ပါသည်။ ကိုယ်တော်၏တက်ကြွခြင်း၌ ဘုရားသခင်သည် ခရစ်တော်ကို ကိုယ်တော်၏ကောင်းကင်ဆိုင်ရာ အမှုတော်အထဲသို့ ရာထူးအပ်နှင်းခဲ့သည်။

1. ကိုယ်တော်၏ တက်ကြွခြင်း၌ လူသား-ကယ်တင်ရှင်သည် အရာအားလုံးကို ပိုင်ဆိုင်ရန် သခင် ဖြစ်စေခြင်းခံရပြီးဖြစ်သည်။ ယခု ကိုယ်တော်သည် စကြဝဠာတစ်ခုလုံး၊ ဘုရားသခင်၏ ရွေးချယ်ခံလူများနှင့် အပေါင်းလက္ခဏာဘက်မှ အရာများ၊ အကြောင်းကိစ္စများနှင့် ပုဂ္ဂိုလ်များအားလုံးကို ပိုင်ဆိုင်ရန် သခင်ဖြစ်တော်မူသည်။
2. ကိုယ်တော်၏တက်ကြွခြင်း၌ လူသား-ကယ်တင်ရှင်သည် ဘုရားသခင်၏ ခန့်အပ်စေခိုင်းခံရခြင်းကို သယ်ဆောင်ရန် ဘုရားသခင်၏ ဘိသိက်ခံအဖြစ် (ဟေဗြဲ၊၁း၉) ခရစ်တော် ဖြစ်စေခြင်းခံရပြီးဖြစ်သည်။

D. ယခု ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း၌ ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝ ဖြစ်ကြသည် (ဧ၊၂း၆)။ ရလဒ်အနေဖြင့် ကျွန်ုပ်တို့တွင် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်နှင့် တန်ခိုးကို ရရှိကာ၊ တက်ကြွခြင်း၌ရှိသော အခွင့်အာဏာကိုလည်း ရရှိကြသည်။ ကျွန်ုပ်တို့၏ သခင်ဘုရားကို ဆက်သွယ်သောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်တော်မူသည့်အရာကို သိမှတ်နားလည်ခြင်း၊ ကိုယ်တော်၏ အဆင့်အခြေအနေ၊ အနေအထားနှင့် ရာထူးအဆင့်ကို သိမှတ်နားလည်ခြင်း ရှိရန် လိုအပ်သည်။

## III. ကျွန်ုပ်တို့သည် သခင်ဘုရားတက်ကြွခြင်း၏ အတွင်းကျကျသွင်ပြင်ကို မြင်ရန် လိုအပ်သည် - ညွှန်း၊ ဆာ၊၉၁း၁။ သီ၊၄း၇-၈။ ၆း၁၀။

A. ကိုယ်တော်၏ အရာအားလုံး သာလွန်တက်ကြွသော တက်ကြွခြင်း၌ မရဏာနိုင်ငံ (သေလွန်ပြီးသောလူများကို ထိန်းသိမ်းထားရာနေရာ)၊ မြေကြီး (ကျဆင်းသောလူများက ဘုရားသခင်ကို ဆန့်ကျင်လှုပ်ရှားကြရာနေရာ)၊ လေထု (စာတန်နှင့် သူ၏မှောင်မိုက်တန်ခိုးက ဘုရားသခင်ကို ဆန့်ကျင်ပြုမူရာနေရာ) နှင့် ကောင်းကင်များအားလုံး (စာတန်သွားလာနိုင်ရာနေရာ - ဧ၊၁း၂၀-၂၁။ ၄း၈-၁၀။ဟေဗြဲ၊၇း၂၆။ ယောဘ၊၁း၆-၁၂က။ ၂း၁-၆)တို့ကို ကျော်လွန်တက်ကြွသွားခဲ့သည်။

B. ကိုယ်တော်၏ တက်ကြွခြင်း၌ ခရစ်တော်သည် ကောင်းကင်များကို ဖြတ်ကျော်သွားခဲ့သည် (ဟေဗြဲ၊၄း၁၄)၊ သို့ဖြစ်၍ ယခု ကိုယ်တော်သည် ကောင်းကင်၌သာမက (၉း၂၄)၊ ကောင်းကင်များထက် ပို၍မြင့်သော (၇း၂၆)၊ ကောင်းကင်များအားလုံး အထက်မှာ (ဧ၊၄း၁၀) ရှိနေသည်။

C. ဧဖက် ၁း၁၉-၂၃ တွင် တက်ကြွသောခရစ်တော်ထံမှ ကျွန်ုပ်တို့ထံသို့ ပို့လွှတ်ဖြန့်ဖြူးခြင်း ရှိနေကြောင်း ဖွင့်ပြထားသည်။ အပိုဒ်ငယ် ၂၂ တွင် ဘုရားသခင်သည် ခရစ်တော်ကို "အသင်းတော်သို့ အလုံးစုံတို့၏အချုပ်အခြာ ဦးခေါင်းတော် ဖြစ်စေတော်မူ" ကြောင်း ပြောထားသည်။ *အသင်းတော်သို့* ဟူသော စကားစုမှာ တက်ကြွသောခရစ်တော်ထံမှ ကိုယ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်သည့် အသင်းတော်သို့ ပို့လွှတ်ဖြန့်ဖြူးခြင်းကို ရည်ညွှန်းသည်။

1. ဘုရားသခင်သည် တက်ကြွသော ခရစ်တော်အား ကြီးစွာသော ဆုကျေးဇူး - အရာခပ်သိမ်းအပေါ် ဦးခေါင်းအရိုက်အရာ ရှိခြင်းကို ပေးအပ်ခဲ့သည်။ ခရစ်တော်ထံသို့ ဘုရားသခင်ပေးထားခဲ့သည့်အရာသည် အသင်းတော်သို့ ဖြစ်သည်။ ၎င်းမှာ အသင်းတော်သို့ ပို့လွှတ်ဖြန့်ဖြူးခဲ့ပြီဖြစ်ပြီး၊ အသင်းတော်က ၎င်းကို မျှဝေရသည်။
2. အပိုဒ်ငယ် ၂၀ မှ ၂၂ အထိတွင် ဘုရားသခင်သည် ကိုယ်တော်၏တန်ခိုးတော်ဖြင့် ခရစ်တော်၌ အဆင့်လေးဆင့်ဖြင့် ပြုပြင် လုပ်ဆောင်တော်မူသည်၊ ပထမမှာ ကိုယ်တော်ကို သေခြင်းမှ ထမြောက်စေသည်၊ ဒုတိယမှာ ကိုယ်တော်ကို ကောင်းကင်ဆိုင်ရာများ၌ ကိုယ်တော်၏လက်ယာတော်ဘက်မှာ ထိုင်စေတော်မူသည်၊ တတိယမှာ ခပ်သိမ်းသောအရာတို့ကို ကိုယ်တော်၏ခြေအောက်မှာ ချထားသည်၊ စတုတ္ထအနေဖြင့် ကိုယ်တော်ကို အသင်းတော်အဖို့ အရာခပ်သိမ်းအပေါ် ဦးခေါင်းတော်ဖြစ်ရန် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

D. ကိုယ်တော်၏ တက်ကြွခြင်း၌ ခရစ်တော်သည် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်း၌ ဘုရားသခင်ကို ထင်ရှားရန် ကိုယ်ခန္ဓာတော် ဖြစ်သည့် အသင်းတော်၏ ဦးခေါင်းတော် ဖြစ်ခြင်းခံရသည် - ကော၊၁း၁၈။ ဧ၊၁း၂၃။ ၃း၁၉။

1. ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်သည် တစ်လုံးတစ်ဝဖြစ်ပြီး၊ စကြဝဠာဆိုင်ရာလူကို ဖြစ်ပေါ်စေသည်။ ဤဘုရားဆိုင်ရာ အကြောင်းအရာတွင် နေရာနယ်ပယ်၏ ဒြပ်သဘာဝလည်းမရှိသလို၊ အချိန်၏ ဒြပ်သဘာဝလည်း မရှိပါ။ ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်နှင့်အတူ ဘုရားဆိုင်ရာအသက်၌လည်းကောင်း၊ဘုရားဆိုင်ရာဝိညာဉ်တော်၌လည်းကောင်း တစ်လုံးတစ်ဝတည်း ဖြစ်သည်။
2. ဘုရားဆိုင်ရာရှုထောင့်အရ ကျွန်ုပ်တို့သည် တက်ကြွသော ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝ ဖြစ်ကြပြီး၊ ကိုယ်တော်၏ တက်ကြွခြင်းသည်လည်း ကျွန်ုပ်တို့၏ တက်ကြွခြင်းဖြစ်သည် (၂း၆)။ ဤနေရာရှိ ဤတက်ကြွခြင်း၌ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်း၌ ကိုယ်တော်ကို ထင်ရှားစေကြသည်။ သာလွန်တက်ကြွသော ခရစ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သောကြောင့် (ကော၊၂း၉) ကိုယ်တော်၏ သာလွန်တက်ကြွသော ပို့လွှတ်ဖြန့်ဖြူးခြင်းတွင် သုံးပါးတစ်ပါးဘုရား၏ ကြွယ်ဝသော ဝေငှဖြန့်ဖြူးခြင်းအားလုံး ပါဝင်ကာ၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်း ဖြစ်စေသည် (ဧ၊၁း၂၂-၂၃။ ၃း၁၉၊ ၈)။

E. ကိုယ်တော်၏ တက်ကြွခြင်း၌ ခရစ်တော်သည် ကောင်းကင်များ၌ ယဇ်ပုရောဟိတ်မင်းကြီးလည်း ဖြစ်စေခြင်းခံရကာ၊ ဘုရားသခင့်မျက်မှောက်တော်၌ ကျွန်ုပ်တို့ကို ထမ်းဆောင်ပေး၍ ကျွန်ုပ်တို့၏လိုအပ်ချက်များအားလုံးကို ဂရုစိုက်ပေးသည်။ ကိုယ်တော်၏ တက်ကြွခြင်း၌ ကိုယ်တော်သည် သူ၏ယဇ်ပုရောဟိတ်ဆိုင်ရာ ရုံးဌာနအထဲသို့ ရာထူးအပ်နှင်းခံရခြင်းဖြစ်သည် - ဟေဗြဲ၂း၁၇-၁၈။ ၄း၁၄-၁၅။ ဆာ၊၁၁၀း၁-၄။ ဟေဗြဲ၅း၆။ ၇း၂၆။

1. တစ်ဖက်တွင် ခရစ်တော်သည် ကောင်းကင်များ၌ အသင်းတော်များအတွက် ကြားခံတောင်းလျှောက်ပေးသော ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်သည် (အငယ်၂၅-၂၆။ ရော၊ ၈း၃၄)။ အခြားတစ်ဖက်တွင် ကိုယ်တော်သည် အသင်းတော်များကို ဂရုစိုက်ခြင်းငှာ သူတို့အလယ်တွင် လှုပ်ရှားနေသည့် ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်သည်။ ဗျာဒိတ် ၁း၁၃ တွင် ခရစ်တော်သည် ဝတ်ရုံတော်တည်းဟူသော ခြေသို့တိုင်အောင် ရှည်လျားသည့် ဝတ်ရုံ၊ ယဇ်ပုရောဟိတ်ဆိုင်ရာ ဝတ်ရုံအားဖြင့် ပြသထားသည့်အတိုင်း ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ပုံဖော်ထားသည် (ထွ၊၂၈း၃၃-၃၅)။
2. ဗျာဒိတ် ၈ တွင် ခရစ်တော်သည် ရွှေယဇ်ပလ္လင်၌ နံ့သာပေါင်းကို ပူဇော်သော ယဇ်ပုရောဟိတ်ကြီးအဖြစ် ဖွင့်ပြထားပါသည်။ "အခြားသောကောင်းကင်တမန်တော်သည် လာ၍ ရွှေလင်ပန်းကို ကိုင်လျက် ယဇ်ပလ္လင်နားမှာ ရပ်နေ၏။ ပလ္လင်တော် ရှေ့၌ရှိသော ရွှေယဇ်ပလ္လင်ပေါ်မှာ သန့်ရှင်းသူအပေါင်းတို့၏ ဆုတောင်းခြင်းများနှင့်အတူ ပူဇော်ခြင်း၊ မီးရှို့သော နံ့သာပေါင်းအများကို ထိုသူ၌ ပေး၏" (အငယ်၊၃)။

## IV. ကျွန်ုပ်တို့သည် သခင်ဘုရား၏ တက်ကြွခြင်း၌ ရှိကြကြောင်း မြင်ရန် လိုအပ်သည် - ဧ၊၂း၆။

A. ကျေးဇူးတော်ခေတ်တစ်ခုလုံးသည် သခင်ဘုရား၏တက်ကြွခြင်းအချိန်ကာလဖြစ်သည်- ၁း၂၀။

B. ခရစ်တော်သည် တက်ကြွခြင်း၌ ရှိရုံသာမက၊ ကျွန်ုပ်တို့၌လည်း ရှိနေသည် - ကော၊၁း၂၇။

C. ခရစ်တော်သည် ကိုယ်တော်၏ တက်ကြွခြင်း၌ လှုပ်ရှားလုပ်ဆောင်နေဆဲဖြစ်သည်။ ကိုယ်တော်သည် သူ၏တက်ကြွခြင်း၌ အသက်ရှင်နေခြင်း၊ ကိန်းဝပ်နေခြင်း၊ နေထိုင်နေခြင်း၊ အမှုဆောင်နေခြင်း၊ အစေခံနေခြင်း၊ အလုပ်လုပ်နေခြင်းနှင့် ပြုမူလှုပ်ရှားနေခြင်း ဖြစ်သည်။

1. ကိုယ်တော်သည် သူ၏တက်ကြွခြင်း၌ ကျွန်ုပ်တို့အတွင်းတွင် ရှိနေသည်။ ဤအကြောင်းကြောင့် ပေါလုက ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ကိုယ်တော်၏တက်ကြွခြင်း၌ အတူတကွ ထိုင်နေကြကြောင်း ပြောထားရခြင်းဖြစ်သည် - ဧ၊၂း၆။
2. ကျွန်ုပ်တို့ဖြစ်ခြင်းအတွင်း၌ သာမန်ထက်ထူးကဲသောပုဂ္ဂိုလ် - တက်ကြွသော ခရစ်တော် - ရှိနေသည် - ကော၊၁း၂၇။ ဧ၊၂း၆။
3. ယနေ့ သခင်ဘုရားသည် သူ၏တက်ကြွခြင်း၌ ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိနေသည် - ၂တိ၊ ၄း၂၂က။

သင်တန်းကောက်နုတ်ချက်များ

4. ဤတက်ကြွခြင်း၌ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၌ လှုပ်ရှားနေကာ၊ ဤလှုပ်ရှားနေခြင်းသည် ကျွန်ုပ်တို့၏ သမိုင်း ကြောင်း ဖြစ်လာသည်။
5. ခရစ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်း ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏တက်ကြွခြင်း၌ ဤကိုယ်ထင်ရှားခြင်း၏ အစိတ်အပိုင်းများ ဖြစ်ကြသည် - ရော၊ ၈း၁၀။ ၂ကော၊၁၃း၅။ ဂလ၊၂း၂၀။ ၄း၁၉။ ကော၊၂း၉။
6. ကျွန်ုပ်တို့သည် ကိုယ်တော်၏နာမအထဲသို့ စုဝေးကြသည့်အခါတိုင်း ခရစ်တော်သည် ကိုယ်တော်၏အင်္ဂါဝင်များအားလုံးနှင့်အတူ ထိုနေရာတွင် ရှိနေကာ၊ ဤအရာသည် လူအတွင်း၌ ဘုရားသခင်၏ လှုပ်ရှားနေခြင်းပင် ဖြစ်သည် - မ၊၁၈း၂၀။ ကော၊၃း၁၊ ၃-၄။ ဧ၊၁း၂၀။ ၂း၆။